IRAP International Refugee Assistance Project

# အမေရိကန် ပြည်ထောင်စုအတွင်း ယာယီအကာအကွယ်ပေးမှု အဆင့် (TPS) မည်သည့် အခြေအနေတွင် ရောက်ရှိနေလဲ


အကျဉ်းချုပ်
ယာယီ အကာအကွယ်ပေးမှုအဆင့်ဆိုတာ ဘာလဲ။
နိုင်ငံအလိုက် ယာယီ အကာအကွယ်ပေးမှုအဆင့် လက်ရှိ အခြေအနေ မည်သို့ ရှိသလဲ။
- အာဖဂန်နစ္စတန်နိုင်ငံ
- မြန်မာနိုင်ငံ
- ကင်မရွန်းနိုင်ငံ
- အယ်လ်ဆာဗေဒိုနိုင်ငံ
- အီသီယိုးပီးယားနိုင်ငံ
- ဟေတီနိုင်ငံ
- ဟွန်ဒူးရပ်စ်နိုင်ငံ
- လက်ဘနွန်နိုင်ငံ
- နီပေါနိုင်ငံ
- နီကာရာဂွါနိုင်ငံ
- ဆိုမာလီနိုင်ငံ
- တောင်ဆူဒန်နိုင်ငံ
- ဆူဒန်နိုင်ငံ
- ဆီရီးယားနိုင်ငံ
- ယူကရိန်းနိုင်ငံ
- ဗင်နီဇွဲလားနိုင်ငံ (၂၀၂၁)
- ဗင်နီဇွဲလားနိုင်ငံ (၂၀၂၃)
- ယီမင်နိုင်ငံ

တရားရုံးချုပ်၏ အမူက အမေရိကန်ပြည်ထောင်စု အတွင်း မိမိ၏ အလုပ်လုပ်နိုင်မှုအပေါ် သက်ရောက်မှုရှိ မလား။
ယာယီ အကာအကွယ်ပေးမှုအဆင့် ဆုံးရှုံးပါက မည်သို့ ပြင်ဆင် ဆောင်ရွက်မလဲ
- မိမိနယ်မြေရှိ ကွန်ဂရက်လွှတ်တော်ကိုယ်စားလှယ်ထံမှ အကူအညီ တောင်းခံခြင်း
- ထပ်ဆောင်း သတင်းအချက်အလက်များနှင့် အရင်းအမြစ်များ

IRAP International Refugee Assistance Project

**ဤဆောင်းပါးကို ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် နောက်ဆုံးအပ်ဒိတ်လုပ်ခဲ့သည်**

# အကျဉ်းချုပ်

ယာယီ အကာအကွယ်ပေးမှု အဆင့် (TPS) သည် မိခင်နိုင်ငံများသို့ ပြန်သွားရန် မလုံခြုံသည့် အခြေအနေတွင်ရှိနေသော အချို့ နိုင်ငံများမှ လူများအား အမေရိကန်နိုင်ငံအတွင်း ဆက်လက် နေထိုင်နိုင်ရန် အကူအညီပေးသည့် အမေရိကန် အစိုးရ၏ အစီအစဉ်တစ်ခု ဖြစ်သည်။ ယာယီ အကာအကွယ် ပေးမှု အဆင့် ရရှိပါက အမေရိကန်နိုင်ငံတွင် အချိန်ကန့်သတ်ထားသည့် ကာလအတွင်း နေထိုင်နိုင်ပြီး အလုပ်လုပ်နိုင်ပါသည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု တရားရုံးချုပ်သည် ဆီးရီးယားဆိုင်ရာ အမှုဖြစ်သည့် Mullin v. Dahlia Doe နှင့် ဟေတီဆိုင်ရာ Trump v. Miot ဟု ခေါ်ဆိုသည့် ပူးတွဲအမှုနှစ်မှုနှင့်ပတ်သက်၍ ကြားနာခဲ့သည်။ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် အဆိုပါ အမှုနှင့်ပတ်သက်၍ အမေရိကန်တရားရုံးချုပ်က အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့သည်။

- **ထရမ့် အစိုးရအား ဆီးရီးယားနှင့် ဟေတီများအတွက် ပေးအပ်ထားသည့် ယာယီ အကာအကွယ်ပေးမှု အဆင့်ကို ရုပ်သိမ်းရန် ခွင့်ပြုသည်။** ခရိုင် တရားရုံးများက ယင်းကိစ္စနှင့်ပတ်သက်၍ ကွဲပြားသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို မချမှတ်ပါက ပြည်ထောင်စု တရား ရုံးချုပ်၏ ဆုံးဖြတ်ချက် (ဇူလိုင် ၂၇ ရက်) ချမှတ်ပြီးနောက် ၃၂ ရက်အတွင်း ဆီးရီးယားနှင့် ဟေတီ တို့အား ပေးအပ်ထားသည့် ယာယီ အကာအကွယ်ပေးမှု အဆင့် ရုပ်သိမ်းသွားမည်ဖြစ်သည်။
- အကယ်၍ ယာယီ အကာအကွယ်ပေးမှုအဆင့် (TPS) ကို ရုပ်သိမ်းရန် အစိုးရ၏ ဆုံးဖြတ်ချက်သည် TPS ဥပဒေ အရ ဥပဒေနှင့် ညီညွတ်သော ဆုံးဖြတ်ချက်ဖြစ်ပါက ထို ဆုံးဖြတ်ချက်ကို ပြန်လှန်သုံးသပ်ရန်နှင့် အဆုံးအဖြတ်ပေးရန် ပြည်ထောင်စု တရားရုံးများအား **ခွင့်မပြု**ပါ။
- သို့သော် TPS ရုပ်သိမ်းရန် အစိုးရ၏ ဆုံးဖြတ်ချက်သည် အမေရိကန်ပြည်ထောင်စု၏ အခြေခံဥပဒေကို ချိုးဖောက်သည်ဟု စွပ်စွဲနိုင်သည့် အခြေအနေမျိုးတွင် ပြည်ထောင်စုတရားရုံးများက ယင်းဆုံးဖြတ်ချက်ကို ပြန်လည်သုံးသပ်၍ စီရင်ဆုံးဖြတ် **ခွင့်ပြု**သည်။ သို့ရာတွင် အခြေခံဥပဒေ ချိုးဖောက်မှု ဖြစ်ကြောင်း သက်သေပြရန်မှာ အလွန်ခက်ခဲနိုင်ပါသည်။

**ပြည်ထောင်စု တရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် နိုင်ငံအများစုအတွက် TPS ကို ရုပ်သိမ်းနိုင်ရန် ထရမ့်အစိုးရအား ထိရောက်စွာ ခွင့်ပြုလိုက်ခြင်းပင် ဖြစ်သည်။** TPS ကို ရုပ်သိမ်းခြင်းသည် အခြေခံဥပဒေနှင့် မကိုက်ညီကြောင်း အကြောင်းပြ၍ တရားစွဲဆိုမှုများကို အောက် တရားရုံးများတွင် ဆက်လက်

IRAP International Refugee Assistance Project

လုပ်ဆောင်နိုင်ဖွယ်ရှိသော်လည်း ထိုသို့သော ဥပဒေဆိုင်ရာ အပြောင်းအလဲများကို သက်သေပြရန် အလွန် ခက်ခဲပါသည်။

အချို့နိုင်ငံများအတွက်မူ TPS အကာအကွယ်ပေးမှုအဆင့် တရားဝင် ဆက်လက် တည်ရှိနေပါသည်။

ဤ ဆုံးဖြတ်အရ နိုင်ငံအလိုက် TPS ယာယီ အကာအကွယ်ပေးမှုအဆင့် အခြေအနေ စာရင်းကို ဤနေရာ ကိုနှိပ်၍ ကြည့်ရှုနိုင်ပါသည်။

# ယာယီ အကာအကွယ်ပေးမှုအဆင့်ဆိုတာ ဘာလဲ။

ယာယီ အကာအကွယ်ပေးမှုအဆင့် (TPS) သည် ယာယီ ပေးအပ်ထားသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ အမျိုးအစား အဆင့်အတန်း တစ်ခုဖြစ်သည်။ အမေရိကန် အစိုးရသည် စစ်ပွဲကြောင့်ဖြစ်စေ၊ သဘာဝ ဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ သို့တည်းမဟုတ် တခြားလွန်ကဲပြင်းထန်သည့်အခြေအနေ ကိစ္စရပ်များကြောင့် ဖြစ်စေ၊ မိခင်နိုင်ငံများတွင် လုံခြုံမှုမရှိသောအခါ အချို့သော နိုင်ငံများမှ နိုင်ငံသားများကို ယာယီ အကာအကွယ်ပေးမှု အဆင့် ပေးအပ်သည်။

မကြာသေးမီ နှစ်များအတွင်း ယာယီ ကာကွယ်ပေးမှုအဆင့် ပေးအပ်ခံရသောနိုင်ငံများမှာ အာဖဂန်နစ္စတန်၊ မြန်မာ၊ ကင်မရွန်း၊ အယ်လ်ဆာဗေဒို၊ အီသီယိုးပီးယား၊ ဟေတီ၊ ဟွန်ဒူးရပ်စ်၊ လက်ဘနွန်၊ နီပေါ၊ နီကာရာဂွါ၊ ဆိုမာလီ၊ တောင် ဆူဒန်၊ ဆူဒန်၊ ဆီးရီးယား၊ ယူကရိန်း၊ ဗင်နီဇွဲလားနှင့် ယီမင် နိုင်ငံများ ဖြစ်သည်။

မိမိအနေဖြင့် တရားဝင် ယာယီ အကာအကွယ်ပေးမှုအဆင့် ရရှိထားပါက

- အမေရိကန် ပြည်ထောင်စုအတွင်း တရားဝင် နေထိုင်နိုင်သည်။
- အလုပ်လုပ်ခွင့် လျှောက်ထားနိုင်သည်။
- ယာယီ အကာအကွယ်ပေးမှုအဆင့် သက်တမ်းရှိနေသေးချိန်တွင် မိမိအား ဖမ်းဆီးခြင်းနှင့် ပြန်လည်နှင်ထုတ်ခြင်းတို့မှ အကာအကွယ်ပေးထားသည်။

သို့ရာတွင် ယာယီ အကာအကွယ်ပေးမှုအဆင့်က **မလုပ်ဆောင်ပေးနိုင်သည့်** အရာများမှာ

- အမြဲတမ်းနေထိုင်ခွင့် အဆင့် မပေးပါ။
- အမြဲတမ်းနေထိုင်ခွင့်ကဒ်ပြား (Green Card) ရရှိရန် လမ်းကြောင်းတစ်ခု အဖြစ် ရှိမနေပါ။

# နိုင်ငံအလိုက် ယာယီ အကာအကွယ်ပေးမှုအဆင့် လက်ရှိ အခြေအနေ မည်သို့ ရှိသလဲ။

ထရမ့်အစိုးရသည် နိုင်ငံ တော်တော်များများအတွက် ယာယီ အကာအကွယ်ပေးမှု အဆင့်များကို ရပ်ဆိုင်း ခဲ့သော်လည်း တချို့ နိုင်ငံများအတွက် ပေးအပ်ထားသည့် ယာယီ အကာအကွယ်ပေးမှုအဆင့်များ ဆက်လက် တရားဝင် တည်ရှိနေပါသည်။ သို့ရာတွင်၊ လက်ရှိ အသက်ဝင်နေသေးသည့် ယာယီ အကာ အကွယ်ပေးမှုအဆင့် များကို အစိုးရက ထပ်မံ သက်တမ်းမတိုးပေးတော့မည် မဟုတ်ဟု ယူဆရပါသည်။ ထို့ပြင်၊ ပြည်ထောင်စုတရားရုံးချုပ် ဆုံးဖြတ်ချက်သည် လက်ရှိ တရားစွဲဆိုထားမှုများကြောင့် TPS ရပ်ဆိုင်းမှုကို ယာယီ ဆိုင်းငံ့ထားသည့် အမှုများ အပေါ်တွင်လည်း သက်ရောက်မှုရှိမည် ဖြစ်သည်။

**အောက်တွင် ယာယီ အကာအကွယ် ပေးမှုအဆင့် နိုင်ငံချင်းအလိုက် အခြေအနေများကို ဖော်ပြထားသည်။**

## အာဖဂန်နစ္စတန်နိုင်ငံ

TPS ရပ်ဆိုင်းပြီး ဖြစ်သည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## မြန်မာနိုင်ငံ

တည်ရှိဆဲ အမှု ။ ။ ရပ်ဆိုင်းမှုကို ယာယီ ဆိုင်းငံ့ထားသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ကင်မရွန်းနိုင်ငံ

TPS ရပ်ဆိုင်းပြီး ဖြစ်သည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## အယ်လ်ဆာဗေဒိုနိုင်ငံ

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့အထိ TPS တရားဝင်သက်တမ်းရှိသည်။

IRAP International Refugee Assistance Project

USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## အီသီယိုးပီးယားနိုင်ငံ

တည်ရှိဆဲ အမှု ။ ။ TPS ရပ်ဆိုင်းမှုကို ယာယီ ဆိုင်းငံ့ထားသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ဟေတီနိုင်ငံ

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် TPS အကာအကွယ်ပေးမှုအဆင့် ရပ်ဆိုင်းဖွယ်ရှိသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ဟွန်ဒူးရပ်စ်နိုင်ငံ

TPS ရပ်ဆိုင်းပြီး ဖြစ်သည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## လက်ဘနွန်နိုင်ငံ

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့အထိ TPS တရားဝင်သက်တမ်းရှိသည်။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## နီပေါနိုင်ငံ

TPS ရပ်ဆိုင်းပြီး ဖြစ်သည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## နီကာရာဂွါနိုင်ငံ

TPS ရပ်ဆိုင်းပြီး ဖြစ်သည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

IRAP International Refugee Assistance Project

## ဆိုမာလီနိုင်ငံ

တည်ရှိဆဲ အမှု ။ ။ TPS ရပ်ဆိုင်းမှုကို ယာယီ ဆိုင်းငံ့ထားသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## တောင်ဆူဒန်နိုင်ငံ

တည်ရှိဆဲ အမှု ။ ။ TPS ရပ်ဆိုင်းမှုကို ယာယီ ဆိုင်းငံ့ထားသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ဆူဒန်နိုင်ငံ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့အထိ TPS တရားဝင်သက်တမ်းရှိသည်။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ဆီရီးယားနိုင်ငံ

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် TPS အကာအကွယ်ပေးမှုအဆင့် ရပ်ဆိုင်းဖွယ်ရှိသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ယူကရိန်းနိုင်ငံ

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့အထိ TPS တရားဝင်သက်တမ်းရှိသည်။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ဗင်နီဇွဲလားနိုင်ငံ (၂၀၂၁)

TPS ရပ်ဆိုင်းပြီး ဖြစ်သည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ဗင်နီဇွဲလားနိုင်ငံ (၂၀၂၃)

တည်ရှိဆဲ အမှု ။ ။ TPS ရပ်ဆိုင်းမှုကို ယာယီ ဆိုင်းငံ့ထားသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။

IRAP International Refugee Assistance Project

USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

## ယီမင်နိုင်ငံ

တည်ရှိဆဲ အမှု ။ ။ TPS ရပ်ဆိုင်းမှုကို ယာယီ ဆိုင်းငံ့ထားသည်။
အမှု နောက်ဆုံးအခြေအနေ သိရှိရန် ဤနေရာ ကိုနှိပ်ပါ။
USCIS သတင်းအရင်းအမြစ် ဝက်ဘ်ဆိုဒ်ကို ကြည့်ရှုရန် ဤနေရာ ကို နှိပ်ပါ။

# တရားရုံးချုပ်၏ အမှုက အမေရိကန်ပြည်ထောင်စုအတွင်း မိမိ၏ အလုပ်လုပ်နိုင်မှုအပေါ် သက်ရောက်မှုရှိမလား။

သက်ရောက်နိုင်ခြေရှိပါသည်။ မိမိ နိုင်ငံအတွက် ယာယီ အကာအကွယ်ပေးမှုအဆင့် ရပ်ဆိုင်းလိုက်ပါက မိမိအား အမေရိကန်ပြည်ထောင်စုတင် အလုပ်လုပ်ရန် ခွင့်ပြုတော့မည် မဟုတ်ပါ။ မိမိတွင် အမေရိကန်နိုင်ငံတွင် တရားဝင် အလုပ်လုပ်နိုင်ခွင့်ရှိသော တခြား တရားဝင်အခြေအနေ တစ်ခု ရှိပါကမူ ထိုအခြေအနေသည် ချွင်းချက်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ USCIS သည် ဆီးရီးယား၊ ဟေတီ၊ မြန်မာ၊ ဆိုမာလီယာ၊ တောင်ဆူဒန်၊ အီသီယိုးပီးယားနှင့် ယီမင်နိုင်ငံများအတွက် အလုပ်လုပ်ခွင့်သက်တမ်းသည် ဇူလိုင်လ ၁၀ ရက်နေ့တွင် ကုန်ဆုံးမည်ဖြစ်သည်။ USCIS သည် ထိုနိုင်ငံများအတွက် TPS သည် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် ကုန်ဆုံးမည်ဟု ခန့်မှန်းထားပြီး ဤရက်စွဲများကို ထုတ်ပြန်ခဲ့သည်။ ရှင်းရှင်းလင်းလင်းပြောရလျှင် ဤရက်စွဲများသည် နောက်ဆုံးရက်စွဲများမဟုတ်ဘဲ တရားရုံးဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ပြောင်းလဲနိုင်သည်။

အလုပ်လုပ်ခွင့်သက်တမ်းသည် သင်၏ TPS အခြေအနေမကုန်ဆုံးမီ ပြီးဆုံးမည်မဟုတ်ပါ။ သင်သည် တရားဝင် TPS အခြေအနေရှိပါက အမေရိကန်ပြည်ထောင်စုတွင် အလုပ်လုပ်ခွင့်သက်တမ်းရှိသည်။

အချက်အလက်များသည် လျင်မြန်စွာပြောင်းလဲနေသောကြောင့် ဤနေရာတွင်ဖော်ပြထားသော သင်၏နိုင်ငံအတွက် USCIS အရင်းအမြစ်စာမျက်နှာကို မှန်မှန်စစ်ဆေးသင့်သည်။

International Refugee Assistance Project

# ယာယီ အကာအကွယ်ပေးမှုအဆင့် ဆုံးရှုံးပါက မည်သို့ ပြင်ဆင် ဆောင်ရွက်မလဲ

မိမိနိုင်ငံအတွက် ယာယီအကာအကွယ်ပေးမှုအဆင့် ရပ်ဆိုင်းလိုက်ပါက မိမိအနေဖြင့်လည်း တခြား တရားဝင် အခြေအနေအဆင့် မရှိပါက ဖမ်းဆီးထိန်းသိမ်းခံရခြင်းနှင့် ပြန်လည် နှင်ထုတ် ခံရခြင်း အန္တရာယ် ရှိနိုင်သည်။ အမေရိကန်နိုင်ငံအတွင်း ဆက်လက်နေထိုင်နိုင်ရေး မိမိ ရွေးချယ်နိုင်စရာများနှင့် စပ်လျဉ်း၍ လိုင်စင်ရ၊ အရည်အချင်းပြည့်မီသော ရှေ့နေတစ်ဦးနှင့် ဆွေးနွေးရန် အရေးကြီးပါသည်။ အခမဲ့ သို့မဟုတ် ကုန်ကျစရိတ် နည်းပါးသော ရှေ့နေများစာရင်းကို ဤနေရာ တွင်လည်းကောင်း၊ ပုဂ္ဂလိက ရှေ့နေများ စာရင်းကို ဤနေရာ တွင် လည်းကောင်း ရှာဖွေ ကြည့်ရှု နိုင်ပါသည်။ မှတ်ချက် ။ ။ စာရင်းတွင် ပါရှိသော ရှေ့နေများ၏ ဝန်ဆောင်မှု အရည်အသွေးကို *IRAP* အဖွဲ့က အာမခံနိုင်မည် မဟုတ်ပါ။

အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန် စည်းကြပ်မှု (ICE) အရာရှိများနှင့်ထိတွေ့ဆက်ဆံ ရာတွင် မိမိထံတွင် အခွင့်အရေးများ ရှိသည်ကို နားလည်သိရှိထားမှုသည်လည်း အရေးကြီးပါသည်။ ထို အခွင့်အရေးများတွင် အောက်ပါတို့ ပါဝင်သည်။

- နှုတ်ပိတ်နေခြင်းနှင့် မေးခွန်းများကို မဖြေကြားဘဲ နေခြင်း။
- တရားသူကြီး လက်မှတ်ရေးထိုးထားသည့် ဝရမ်းမပါဘဲ မိမိအား သို့မဟုတ် မိမိပိုင်ဆိုင်မှုအိမ်အား ရှာဖွေခြင်းကို ခွင့်မပြု၊ ငြင်းဆန်ခြင်း။
- ဖမ်းဆီးခံရပါက ရှေ့နေနှင့်ဆက်သွယ်စကားပြောခြင်း။

## မိမိနယ်မြေရှိ ကွန်ဂရက်လွှတ်တော်ကိုယ်စားလှယ်ထံမှ အကူအညီ တောင်းခံခြင်း

မိမိအနေဖြင့် အမေရိကန် လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန် စည်းကြပ်မှု (ICE) ထိမ်းသိမ်းခံရပါက မိမိနယ်မြေရှိ ကွန်ဂရက် လွှတ်တော်ကိုယ်စားလှယ်မှ မိမိအား အကူအညီ ပေးအပ်ကောင်း ပေးအပ် နိုင်ပါသည်။ မိမိအား ထိန်းသိမ်းထားရာနေရာကိုလည်းကောင်း၊ ဆေးဝါး လိုအပ်ချက်များကို လည်းကောင်း၊ နေရာ ရွှေ့ပြောင်းခြင်းနှင့် မိမိ အဖမ်းခံရစဥ် အခြေအနေများကိုနှင့်ပတ်သက်၍ လည်းကောင်း ကွန်ဂရက် လွှတ်တော်ရုံးများက ICE သို့ မေးမြန်းနိုင်ပါသည်။

IRAP International Refugee Assistance Project

အကယ်၍ မိမိအနေဖြင့် ICE ၏ ဖမ်းဆီး ထိန်းသိမ်းခြင်းခြင်း ခံရမည်ကို စိုးရိမ်နေပါက မိမိနယ်မြေရှိ ကွန်ဂရက် လွှတ်တော်ကိုယ်စားလှယ်က မိမိအမှုအား စုံစမ်းပြီး မိမိ ထိန်းသိမ်းခံနေရစဉ် အကူအညီ ပေးနိုင်ရန် ဤ ဖောင်ပုံစံ (ICE Form 60-001) ကို ဖြည့်စွက်ထားရန် စဥ်းစားနိုင်ပါသည်။ မိမိနယ်မြေရှိ လွှတ်တော်ကိုယ်စားလှယ်မှ မိမိအား အကူအညီ ပေးနိုင်ရန်အတွက် **အင်္ဂလိပ်ဘာသာဖြင့် ရေးသား၍ ဖြည့်စွက်ပြီး လက်မှတ်ရေးထိုးထားသည့် ဖောင်ပုံစံ** လိုအပ်ပါသည်။ ICE သည် ဘာသာပြန်ထားသော ထားသော ဖောင်ပုံစံများကို လက်ခံမည် မဟုတ်ပါ။

ဖြည့်စွက်ပြီးသော ဖောင်ပုံစံကို ယုံကြည်စိတ်ချရသော မိသားစုဝင်၊ မိတ်ဆွေ၊ သို့မဟုတ် ရှေ့နေထံ ပေးပို့အပ်နှံထားနိုင်ပြီး၊ မိမိ ထိန်းသိမ်းခံရပါက ၎င်းတို့က မိမိနယ်မြေရှိ လွှတ်တော်ကိုယ်စားလှယ်ထံ ပေးပို့နိုင်ပါသည်။

အဆိုပါ ဖောင်ပုံစံသည် လက်မှတ်ရေးထိုးသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အထိသာ အကျုံးဝင်ပါသည်။

## ထပ်ဆောင်း သတင်းအချက်အလက်များနှင့် အရင်းအမြစ်များ

လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များနှင့်ကြုံတွေ့ရနိုင်သော အခြေအနေ အတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ရာတွင် အထောက်အကူပြုစေရန် ဘာသာစကား အမျိုးမျိုးဖြင့် ရရှိနိုင်သော အောက်ပါ အရင်းအမြစ်များကိုလည်း ဖတ်ရှုလေ့လာနိုင်ပါသည်။

- သင့် အခွင့်အရေးများကို သိရှိထားပါ ။ ။ ICE နှင့်ရင်ဆိုင်တွေ့ဆုံရပြီဆိုပါက — အမျိုးသား လူဝင်မှုကြီးကြပ်ရေး တရားမျှတမှု ဗဟိုဌာန (National Immigration Justice Center)
- သင့် အခွင့်အရေးများကို သိရှိထားပါ ။ ။ လူဝင်မှုကြီးကြပ်ရေးမှ ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ခံရပါက ဘာလုပ်ရမလဲ — အမျိုးသား လူဝင်မှုကြီးကြပ်ရေး ဥပဒေ ဗဟိုဌာန (National Immigration Law Center)
- သင့် အခွင့်အရေးများကို သိရှိထားပါ ။ ။ ဥပဒေ အရင်းအမြစ် အက်ပ် — အမျိုးသား အမေရိကန်ကိုရီးယား ဝန်ဆောင်မှုနှင့် ပညာရေးအဖွဲ့ (National Korean American Service and Education Consortium)
- သင့် အခွင့်အရေးများကို သိရှိထားပါ ။ ။ ဥပဒေစိုးမိုးရေးအဖွဲ့နှင့်ဆက်ဆံရာတွင် ဘာတွေ လုပ်ရမလဲ — CLEAR
- သင့် အခွင့်အရေးများကို သိရှိထားပါ ။ ။ ရွှေ့ပြောင်းနေထိုင်သူများ၏ အခွင့်အရေးများ — ACLU

နောက်ဆုံးအနေဖြင့်၊ National TPS Alliance သည် ယာယီ အကာအကွယ်ပေးမှုအဆင့် (TPS) ရရှိထားသူများအား TPS ဆိုင်ရာ ထပ်ဆောင်းအရင်းအမြစ်များနှင့်အထောက် အပံ့များ ပေးအပ်နိုင်ပါသည်။

IRAP International Refugee Assistance Project

နိုင်ငံတကာ ဒုက္ခသည် အကူအညီပေးရေး စီမံကိန်း (IRAP) သည် ဒုက္ခသည်အချို့နှင့် ရွှေ့ပြောင်းနေထိုင်ရသူများအား အခမဲ့ ဥပဒေရေးရာ အကူအညီများ ပေးပါသည်။

- IRAP သည် လူအချို့ကို ဝန်ဆောင်မှုရှာဖွေရန်နှင့် ဒုက္ခသည်နှင့် ဗီဇာလျှောက်လွှာများကို ပြင်ဆင်ရန် ကူညီပေးပါသည်။
- IRAP သည် မည်သည့်အစိုးရ၊ IOM သို့မဟုတ် UNHCR ၏ အစိတ်အပိုင်းမဟုတ်ပါ။
- IRAP သည် ဒုက္ခသည်အဆင့်အတန်း သို့မဟုတ် ဗီဇာများကို ပေးအပ်ခြင်း သို့မဟုတ် အမှုအခင်းများကို အရှိန်မြှင့်တင်ခြင်း မပြုလုပ်နိုင်ပါ။
- IRAP သည် ငွေကြေးအကူအညီ မပေးနိုင်၊ အိမ်ရာရှာဖွေခြင်း သို့မဟုတ် ငွေပေးချေခြင်း သို့မဟုတ် အလုပ်အကိုင်များ ရှာဖွေခြင်း မပြုလုပ်နိုင်ပါ။
- IRAP ၏ အကူအညီအားလုံးသည် အခမဲ့ဖြစ်သည်။ IRAP နှင့် ဆက်စပ်နေသူ မည်သူမျှ သင့်ထံမှ ငွေကြေး သို့မဟုတ် အခြားဝန်ဆောင်မှုကို တောင်းခံပိုင်ခွင့် မရှိပါ။

IRAP သည် လူများ၏ လိုအပ်ချက်နှင့် လူဝင်မှုကြီးကြပ်ရေးအဆင့်အတန်းအတွက် အရည်အချင်းပြည့်မီမှုအပေါ် အခြေခံ၍ လူများကို ကူညီရန် ဆုံးဖြတ်ပါသည်။ IRAP သည် အခြားလူမှုရေး၊ နိုင်ငံရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ စံနှုန်းများအပေါ် အခြေခံ၍ လူများကို ကူညီရန် ဆုံးဖြတ်ခြင်း မရှိပါ။

ဤဝဘ်ဆိုက်သည် ဒုက္ခသည်အချို့အတွက် ရရှိနိုင်သော ဥပဒေရေးရာ လုပ်ငန်းစဉ်များအကြောင်း အထွေထွေ အချက်အလက်များကို ပေးပါသည်။ ၎င်းသည် တစ်ဦးချင်း လျှောက်လွှာများအတွက် ဥပဒေရေးရာ အကြံဉာဏ်အဖြစ် ရည်ရွယ်ခြင်း မဟုတ်ပါ။

လိုအပ်ချက်များ ပြောင်းလဲနိုင်သည်။ သင့်တောင်းဆိုချက်ကို ဆုံးဖြတ်သည့် အစိုးရ သို့မဟုတ် အေဂျင်စီမှ လက်ရှိလိုအပ်ချက်များကို အမြဲစစ်ဆေးပါ။

သင်သည် ဒုက္ခသည်အရေးပေါ်အခြေအနေတွင် ရှိနေပါက သင်နေထိုင်သည့် နိုင်ငံရှိ UNHCR ရုံးသို့ ဆက်သွယ်ရန် အကြံပြုအပ်ပါသည်။